ရန်အောင်ရေး

# နှစ်ပေါင်းနှစ်ဆယ်



# နှစ်ပေါင်းနှစ်ဆယ်

ရန်အောင် - ရေးသည်

ပန်းချီ သရုပ်ဖော် - ဦးအုန်းမောင်

စာပေဗိမာန်ထုတ်ပြည်သူ့လက်စွဲစာစဉ်

## ၁၉၅၉ - ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ(မှတ်ပုံတင်)အက်ဥပဒေပုဒ်မ-၇ (၁) အရ၊ ပေးအပ်သော ဝန်ခံချက်များ

အောက်တွင် လက်မှတ်ရေးထိုးသူ ကျွန်တော် ဦးမြတ်စိုး သည် ၁၉၅၉ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ (မှတ်ပုံတင်) အက်ဥပဒေ၏ ဒုတိယဇယားတွင် ဖော်ပြထားသည့် အောက်ပါ ဝန်ခံချက်များနှင့်အညီထာဝစဉ် ဆောင်ရွက်ရန် ကတိခံဝန်ချက် ပြုပါ သည်။

(က) ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေတွင် ပါရှိသော မူလအခွင့်အရေးများကို ပျက်ပြားစေရန် ကြံရွယ်သော၊ သို့တည်းမဟုတ် ပျက်ပြားမည့်အကြောင်းဖြစ်ပေါ်စေသောမည်သည့်အကြံပေးမှု၊ တိုက်တွန်းမှု၊ လှုံ့ဆော်မှု၊ အားပေးမှု၊ သို့တည်းမဟုတ် ဝါဒဖြန့်မှုမျိုးကိုမဆို မည်သည့်အခါမျှ မပြုပါ။

(ခ) ဘာသာရေးဆိုင်ရာ ကိုးကွယ်မှုကိုသော်၎င်း၊ ယုံကြည်မှုကိုသော်၎င်းမည်သည့်အခါမျှ မပုတ်ခတ်၊ သို့တည်းမဟုတ် မရှုတ်ချပါ။

(ဂ) နိုင်ငံရေးအာဏာကို လက်နက်ဖြင့် သိမ်းယူရန် မည်သည့်ရွေ့ရှားချက်၊ သို့တည်းမဟုတ် ကျင့်သုံးချက်မျိုးကိုမဆို မည်သည့်အခါမျှ ထောက်ခံခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချိပေးခြင်း မပြုပါ။

(ဃ) ပြည်ထောင်စု မြန်မာနိုင်ငံတွင် မည်သို့သော နိုင်ငံရေးအာဏာရှင် စံနစ်မျိုးကိုမဆို ရွေ့ရှားရန်၊ တည်ထောင်ရန်၊ သို့တည်းမဟုတ် ကျင့်သုံးရန်၊ မည်သည့်အခါမျှ ထောက်ခံခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချိပေးခြင်း မပြုပါ။

(င) အတိုက်အခံ နိုင်ငံရေးအဖွဲ့အစည်းများထားရှိခွင့်ပြုသော ပါလီမန်ဒီမိုကရေစီ စံနစ်ကို ပျက်ပြားစေရန်ကြံရွယ်သော၊ သို့တည်းမဟုတ် ပျက်ပြားမည့်အကြောင်းဖြစ်ပေါ်စေသော မည်သည့်အကြံပေးမှု၊ တိုက်တွန်းမှု၊ လှုံ့ဆော်မှု၊ အားပေးမှု၊ သို့တည်းမဟုတ် ဝါဒဖြန့်မှုမျိုးကိုမဆို၊ မည်သည့် အခါမျှ မပြုပါ။

(စ) လျှို့ဝှက်ရဲအဖွဲ့ ( Secret Police ) ဖွဲ့စည်း၍ စိုးမိုးအုပ်ချုပ်သည့် စံနစ်မျိုး တည်ထောင်ခြင်းကိုသော်၎င်း၊ တည်ထောင်ရန် ကြိုးပမ်းအားထုတ်ခြင်းကိုသော်၎င်း၊ မည်သည့်အခါမျှ အကြံပေးခြင်း၊ လှုံ့ဆော်ခြင်း၊ တိုက်တွန်းခြင်း၊ ထောက်ခံခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချိပေးခြင်း မပြုပါ။

(ဆ) အခြားနိုင်ငံတခုခုမှဖြစ်စေ၊ နိုင်ငံခြားသားများထံမှဖြစ်စေ၊ ရံပုံငွေအတွက် ငွေကြေး၊ သို့တည်းမဟုတ် ပစ္စည်းအကူအညီ၊ အထောက်အပံ့ကို မှတ်ပုံတင် အာဏာပိုင်၏ ကြိုတင်သဘောတူခွင့်ပြုချက်မရဘဲ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မည်သည့်အခါမျှ လက်ခံခြင်းမပြုပါ။

(ဇ) ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ မူများကို ဆန့်ကျင်သော အဖွဲ့အစည်းများနှင့် လုပ်ငန်းများကို မည်သည့်အခါမျှ ထောက်ခံခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချိပေးခြင်းမပြုပါ။

လုပ်ငန်းအမည် စာပေဗိမာန်

ထုတ်ဝေသူ၏လက်မှတ်

ဆိပ်စာအပြည့်အစုံ ၃၆၁ - ပြည်လမ်း၊ ရန်ကုန်မြို့

# နှစ်ပေါင်း နှစ်ဆယ်

ကျွန်တော်သည် ဘီဂန်ဒတ် လမ်းပေါ်တွင် လျှောက်လာခဲ့သည်။ လူသွားလူလာ နည်းပါး ခြောက်သွေ့လျက် ထိတ်လန့်ကြောက်ရွံ့ဘွယ် အသွင်ပေါ်လျက်ရှိ၏။ ရှေးယခင်က လွန်စွာစည်ကားခဲ့သော ရန်ကုန်မြို့ကြီးမှာ သုသာန်တစပြင်ပမာ ဖြစ်၍နေသည်။

လမ်းပေါ်တွင် လျှောက်သွားကြသည့် လူအနည်းငယ်မှာလည်း ကျီးလန့်စာစားပမာ နံဘေးဝဲယာသို့ရင်း၊ ကောင်းကင်သို့ရင်း ကြောက်ရွံ့သော အသွင်ဖြင့် ကြည့်ကာ ခပ်သုတ်သုတ် လျှောက်ကြလေသည်။

သေနတ်ကြီးတွေကို ကိုင်စွဲကာ တင်းမာခက်ထန်သည့် အသွင်ကိုဆောင်သည့် ဂျပန် စစ်သားများကို တွေ့မြင်ရသည်မှာလည်း ဝမ်းနည်းဘွယ်၊ ကြေကွဲဘွယ်၊ မနှစ်မြို့ဘွယ် ဖြစ်ပေသည်။

"ဆရာ....၊ ကျွန်တော်တို့ မမက ခဏလောက် ကြွပါတဲ့...."

သူငယ်ကလေးတယောက်က ကျွန်တော့်ကို ဖိတ်ခေါ်သည့်အတွက်ထိုသူငယ်၏နောက်သို့ လိုက်ပါခဲ့သည်။ ဘီဂန်ဒတ်လမ်းနှင့် ကရိုလမ်းထောင့်တွင် တည်ရှိသော တိုက်တလုံး၏ အပေါ်ထပ်သို့ ရောက်သောအခါတွင်ကား အသက် ၂၀ အရွယ် ဖြူဖြူဖွေးဖွေး မိန်းကလေးကို တွေ့ရသည်။



"သြော်.... မင်းတို့ ဒီမှာကိုး....၊ မင့် မိဘများကော ကျန်းမာကြရဲ့မဟုတ်လား"ဟု ကျွန်တော်က မေးလိုက်၏။

"အဖေရော- အမေရော ဆုံးပါဘီ...."ဟု မိန်းကလေးက ဝမ်းနည်းသံဖြင့်ပြောရာ ကျွန်တော်က "အို.... ဖြစ်မှ ဖြစ်ရလေကွယ်-၊ ဆုံးတာ ဘယ်လောက် ကြာပြီလဲ"ဟု ကရုဏာသံဖြင့် မေးလိုက်သည်။

"အမေကတော့ စစ်မဖြစ်ခင် ငါးနှစ်လောက်က ဆုံးပါတယ်။ အဖေကတော့ စစ်ဖြစ်ခါနီးမှာ ဆုံးပါတယ်...."

"သြော်.... ဟုတ်လား၊ ဒါဖြင့် အခုဘယ်သူနဲ့နေသလဲ...."

"ကျမ မောင်ကလေး နှစ်ယောက်နဲ့ နေပါတယ်...."

"လူကြီး သူကြီးကောကွယ်...."

"မရှိပါဘူး...."

ကျွန်တော့်မှာ ဤကလေးမအတွက် ကရုဏာသက်မိသည့်ပြင် စိုးရိမ်ပူပန်စိတ်လည်း ပေါ်လာသည်။

"စစ်အတွင်းဖြစ်တော့ လူတွေဟာ စည်းပျက် ကမ်းပျက်နဲ့ ဆိုးသွမ်းကြတယ်။ ဂျပန် စစ်သားတွေကလဲ တော်တော်ကြောက်စရာကောင်းတယ်။ မင်းတို့ချည်းနေလို့ ဖြစ်ပါ့မလားကွယ်...."

မိန်းကလေးသည် ဘာမျှ အဖြေမပေးဘဲ ငေးငိုင်၍ နေ၏။

ဤမိန်းကလေးကား ကျွန်တော့်အတွက် သွေးသားရင်းချာလိုဖြစ်ခဲ့သည်။ သူ့ မိဘများရှိစဉ်ကပင် ရင်းနှီးခင်မင်လျက် ကျွန်တော့်လက်ပေါ်တွင် ကြီးလာသော ကလေး ဖြစ်သည်။

"ဆရာ ကကော ဘယ်မှာ နေပါသလဲ"ဟု မိန်းကလေးက မေး၏။

"ငှဖ် လမ်းထဲက ကြီးတော်တယောက်အိမ်မှာ နေရတယ်...."

"ဆရာ့မိန်းမကော...."

မိန်းကလေးက ယင်းသို့ မေးလိုက်သည့် အခါတွင် ကျွန်တော့်မှာ အတိတ်ကို တွေးကာ ပူဆွေးတမ်းတမိလျက် ရုတ်တရက်စကား မပြန်နိုင်ဘဲ ရှိတော့သည်။

အတော်ကြာသော အခါတွင်မှ "ဆရာ့ ပဌမအိမ်ထောင်ကို တော့ မင်းတို့လဲ အသိသားဘဲ၊ အဲဒီအိမ်ထောင်နဲ့ ကွဲခဲ့ရတယ်။ နောက်အိမ်ထောင်ကိုတော့ မိဘမျှား သဘောတူသူနဲ့ ပြုခဲ့တယ်။ အဲဒီအိမ်ထောင်လဲ ဆုံးရှာတယ်"

"ဒါဖြင့် အခုဆရာတယောက်ထဲပေါ့"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်၏။ မိန်းကလေးသည်ကျွန်တော့်ကို ကရုဏာ သက်သော မျက်နှာထားဖြင့် ကြည့်နေ၏။ ကျွန်တော်ကလည်း သူ့အား ကရုဏာသက်မိပေသည်။ ကရုဏာ ဟူသော သနားခြင်းသည် ချစ်ခြင်းမေတ္တာ၏ ရေသောက်မြစ်ပင် ဖြစ်လေရော့သလား။

ကျွန်တော်တို့သည် ရှေးဟောင်း နှောင်းဖြစ်များကို ပြောကာ စကားလက်ဆုံကျ၍ နေကြသည်။ သူ့မိဘနှစ်ပါး သေဆုံးရပုံကို အနုစိတ် ပြောပြသည်။ ကျွန်တော်ကလည်း အိမ်ထောင်နှစ်ဆက် ကွဲခဲ့ဆုံးခဲ့ပုံကို စုံလင်စွာ ပြောပြသည်။ သူ့မှာလည်း အားကိုး

ရာမရှိ၊ ကျွန်တော့်မှာလည်း တကိုယ်ယေ- တကာယ၊ ကံတူအကျိုးပေး ဖြစ်ကြသည်ဟု တွေးမိသည်။

"ကိုင်း....ဆရာပြန်လိုက်အုံးမယ်၊မကြာ-မကြာလဲလာပါ့မယ်။ အကြောင်းထူးရှိယင် မင့်မောင်ကလေးတွေကို အခေါ်ခိုင်းလိုက်ပေါ့"ဟု ဆိုကာ ကျွန်တော် ပြန်ခဲ့၏။

ကာလပျက်ကြီးအတွင်း ဂျပန်တွေ ကြီးစိုးလွှမ်းမိုးချိန်တွင် ပျို့ရွယ်သူ မိန်းကလေးတဦးသည် လူလား မမြောက်သေးသည့် မောင်ကလေး နှစ်ယောက်နှင့်သာ နေရသည့်အဖြစ်ကို ကျွန်တော် တွေးမိကာ ဒင်းကလေးတွေ၏ နေရေး ထိုင်ရေး လုံခြုံရေး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရေးအတွက် ရင်လေးစိုးရိမ် စိတ်မငြိမ် စိတ်မချ ဖြစ်မိတော့သည်။

× × × ×

ကျွန်တော်သည် မိန်းကလေး၏အိမ်သို့ မကြာခဏ ရောက်သွားလျက် အားပေးစကားပြောကြားသည်၊ တတ်နိုင်သမျှ ကူညီစောင့်ရှောက်သည်။ တခါတရံတွင် ညအချိန်တွင် ရောက်တတ်ပေရာ အတော်ညဉ့်နက်အောင် စကားပြောယင်း သင်းကလေး၏ နောင်ရေးအတွက် နှိုးနှော တိုင်ပင် မိသည်။

တညတွင် မိန်းကလေး၏အိမ်၌ မိန်းကလေးနှင့်အတူ စကားစမြည်ပြော၍နေစဉ် ဖိနပ်သံ ပြင်းပြင်းဖြင့် လှေကားမှ တက်လာသောခြေသံများကို ကြားရလေရာ ကျွန်တော်တို့ နှစ်ယောက်

စလုံး အသည်းထိတ် ရင်ဖို ဖြစ်လျက် မျက်လုံး ပြူးသွား ကြတော့သည်။

ထိုအခိုက်တွင် ဂျပန် စစ်သားတယောက်သည် အိမ်တွင်းသို့ ဝင်လာလျက် ကျွန်တော်တို့ အနီးတွင် မားမားကြီးရပ်ကာ ကျွန်တော်တို့ကို အကဲခတ်သော မျက်နှာထားဖြင့် ကြည့်နေသည်။

ဂျပန် စစ်သားသည် ဘယ်အတွက် အိမ်ထဲသို့ ရောက်လာသည်ကို ကျွန်တော်တို့ ရိပ်မိကြသည်။ ထိတ်လန့် စိုးရိမ်စွာဖြင့် ဂျပန်စစ်သားအား မျက်တောင်မခတ် ငေးစိုက် ကြည့်နေမိသည်။

"ခင်ဗျားတို့ချင်း ဘာတော်သလဲ...."

ဂျပန်စစ်သားက ဗမာစကားပီသစွာဖြင့် မေး၏။

ကျွန်တော်က သူ့အကဲကို သိပြီးဖြစ်သည့်အတိုင်း "လင်မယား...." ဟု ခပ်တိုတိုပြောလိုက်သည်။

"ခင်ဗျား ဘာအလုပ်လုပ်သလဲ"

"ကျောင်းဆရာလုပ်တယ်။ စာရေးဆရာလဲလုပ်တယ်"

ယင်း သို့ ဟုတ်တိုင်း မှန်ရာကို စုံလင်စွာ ပြောလိုက်ခြင်းမှာ ဂျပန်စစ်သား လေးစားသွားစေရန် ရည်ရွယ်၍ ပြောခြင်းဖြစ်၏။

ဂျပန်စစ်သားသည် ခေတ္တမျှ တွေနေပြီးနောက် အိမ်တွင်းမှ ထွက်သွားကာ လှေကားမှ ဖြည်းလေးစွာ ဆင်းသွားလေသည်။

ကျွန်တော်သည်ထ၍ တံခါးပိတ်လိုက်၏။ ထို့နောက် မိန်းကလေး အနီးတွင်ထိုင်ကာ ကြုံရသည့် အဖြစ်ထူးကို တွေးတောလျက် စိုးရိမ်ထိတ်လန့်ခြင်း အရှိန်မပြေ ဖြစ်နေသည်။



ဘေးရန် ကင်းစေရန်အတွက် မိန်းကလေးနှင့် ကျွန်တော်မှာ လင်မယား တော်သည်ဟု ပြောလိုက်ရသည်ကို ရှက်အမ်းအမ်း ဖြစ်ကာ မိန်းကလေးကိုအားနာနေသည်။ ယင်းသို့ပြောမိပြောရာ ပြောလိုက်ခြင်းမှာ နိမိတ်ပြခြင်းပင်ဖြစ်လေရော့သလားဟုလည်း တွေးတောနေမိသည်။

"ဂျပန်စစ်သား အနှောင့်အယှက်ပြုမှာစိုးတဲ့အတွက် အဆင်ပြေအောင် ပြောလိုက်ရတော့တာဘဲ...."ဟု ကျွန်တော်က ရှင်းပြလိုက်၏။

မိန်းကလေးသည် ဘာမျှပြန်မပြောဘဲ ခေါင်းငုံ့၍ နေရှာသည်။

အတော်ညဉ့်နက်၍ ကျွန်တော် ပြန်တော့မည်ဟု ကြံကာ "ဆရာပြန်မှ ထင်ပါရဲ့"ဟု ကျွန်တော်က ပြောလိုက်၏။

"မတော်တဆ ဂျပန်စစ်သားများ ပြန်လာယင်တော့" ဟု မိန်းကလေးက မတင်မကျပြောကာ စိုးရိမ် ထိတ်လန့်သည့် အသွင်ပေါ်နေလေသည်။

"ဒီလိုဆိုယင်လဲ ဆရာမပြန်တော့ဘူးလေ"

မိန်းကလေးမှာ ဆုံးဖြတ်ချက်မချနိုင်ဘဲ ချီတုံချတုံ ဖြစ်နေဟန်တူ၏။ ကျွန်တော်ပြန်၍သွားလျှင် ဂျပန့်ရန်ကို ကြောက်ရွံ့ စိုးရိမ်စရာရှိသည်။ နောက်ဆုံးတွင်ကား ဂျပန့်ရန်ကို ကြောက်ကာ "ဆရာ - မပြန်ပါနှင့်တော့...."ဟုဆိုရှာ၏။

× × × ×

ထိုညတွင် စဉ်းစားစရာများကို စဉ်းစားနေသည့်အတွက် ရုတ်တရက် အိပ်၍ မပျော်တော့ချေ။ မိန်းကလေး၏ နောင်ရေးကို တွေးကာ စိတ်မအေးစရာတွေကို စဉ်းစားမိသည်။ ထိုမိန်းကလေးအား ကျွန်တော်ပင်လျှင် တသက်လုံး စောင့်ရှောက် သွားရန်လည်း စဉ်းစားမိသည်။ ယင်းသို့ စဉ်းစားလိုက်သည်နှင့် တပြိုင်နက် ကျွန်တော်၏စိတ်ထဲတွင် အေးမြ နှစ်သိမ့်သွားမိသည်။ ပုထုဇဉ်တို့၏ ဓမ္မတာသာတည်း။

အတော်ညဉ့်နက်မှ အိပ်ပျော်သွားသော အခါတွင်လည်း မိန်းကလေးနှင့် ကျွန်တော်၏ အကြောင်းကိုသာလျှင် အိပ်မက် မက်၍နေလေတော့သည်။

နောက်တနေ့တွင် မိန်းကလေးအား ကျွန်တော့် စိတ်တွင်ရှိသည်ကို ပြောပြရ၏။

"မင့်မှာလဲ ထိန်းသိမ်း စောင့်ရှောက်မဲ့သူ မရှိတော့ တယောက်ထဲနေလို့ မတင့်တယ်ဘူး။ ကာလဆိုး ခေတ်ပျက်ကြီးဆိုတော့ ဘေးရန် အန္တရာယ်တွေများတယ်။ မနေ့ညကများ ဆရာသာမရှိယင် မင်းဘယ်လို ဖြစ်မလဲ၊ စဉ်းစားသာ ကြည့်ပါတော့ကွယ်....။ ဒီတော့ မင်းကို တသက်လုံး စောင့်ရှောက် ပါရစေ...."

မိန်းကလေးသည် ကျွန်တော်၏ စကားကို ကြားသောအခါ ကျေနပ် နှစ်သက်သည့် အမူအရာလည်း မပြ။ စိတ်ဆိုး မချမ်းမြေ့သည့်အသွင်လည်း မပေါ်။ စဉ်းစားတွေးတောသည့် ဟန်ဖြင့် ခေါင်းငုံ့ကာ တွေဝေနေလေတော့သည်။

ကျွန်တော်သည် ထိုစကားကို အခွင့်သင့်တိုင်းပြော၏။ မိန်းကလေး၏ဆန္ဒကိုမေးကြည့်၏။ သို့သော် အဖြေမပေးရှာပေ။ မည်သို့ပင်ဖြစ်စေ ကျွန်တော်ကား မိန်းကလေးကို စောင့်ရှောက်မြဲစောင့်ရှောက်နေ၏။

တနေ့တွင် တံတေးမှ ဧည့်သည်များသည် မိန်းကလေး၏ အိမ်သို့ ရောက်လာကြသည်။ ထိုဧည့်သည်များကား မိန်းကလေး၏ မိဖက် - ဖဖက်မှ ဆွေမျိုးများဖြစ်ကြ၏။

သူတို့သည် မိန်းကလေး၏ နေရေးထိုင်ရေးကို မေးမြန်းစုံစမ်းကြသည်။ ကျွန်တော်၏ ကြောင်းရင်း ဇာစ်မြစ်ကိုလည်း မေးကြမြန်းကြ၏။

ကျွန်တော်က မိန်းကလေး၏ အကြောင်းကိုရော - ကျွန်တော်၏အကြောင်းကိုပါ စုံလင်အောင် ပြောပြသည်။

ဧည့်သည် များသည် ကျွန်တော် နှင့် ရင်းနှီး ခင်မင်၍ သွားကြ၏။ ကျွန်တော်ကလည်း ကျွန်တော် တို့၏ နောင်ရေးကို ပြောပြကာ ကျွန်တော်၏ ဆန္ဒကို ရှင်းလင်း တင်ပြသည်။

သူတို့ကလည်း ကျွန်တော်၏ ဆန္ဒကို လိုက်လျောလိုကြ၏။ ကျွန်တော်သည်ပင်လျှင် မိန်းကလေးအား တသက်လုံး စောင့်ရှောက်သွားရန် သဘောတူကြသည်။

သို့သော်.... မိန်းကလေး၏ သဘောထားကို စုံစမ်းမေးမြန်းကြည့်ပါရစေဦးဟု ပြောကြ၏။

တနေ့တွင်ကား ညော်သည်များက ကျွန်တော့်ကို ပြန်ကြား ပြောပြကြသည်။

"ကျုပ်တို့ကတော့ သဘောတူပါတယ်။ သို့ပေမဲ့ မိန်းကလေး ကမောင်ရင့်ကို ဦးလေးသားချင်းလို၊ဆရာသမားလို ချစ်ခင်တာဘဲ ရှိသတဲ့၊ လက်ထပ်ချင်တဲ့ ဆန္ဒတော့မရှိဘူးလို့ ပြောတယ်...."

ကျွန်တော့် ရင်တွင်းမှာ ဟာ၍ သွားသည်။ ကျွန်တော်၏ မြှော်လင့် တောင့်တချက် များကား သဲထဲရေသွန် ဖြစ်ချေပြီ တကား။

"ဒီလိုဆိုယင် မိန်းကလေးကို တွံတေးခေါ်သွားမှ ဖြစ်မယ် ထင်တယ်။ ရန်ကုန်မှာစောင့်ရှောက်မဲ့သူမရှိဘဲ တယောက်ထဲနေ လို့မတော်ဘူး။ ခေတ်ပျက်ကာလဆိုးကြီးမှာ ဘယ်သူ့ကိုမှ မယုံ ကြည်ရဘူး။ နောက်ပြီးတော့ ဂျပန် စစ်သားတွေကလဲ ဆိုးက ဆိုးပါဘိသနဲ့"ဟု ကျွန်တော်က ပြောလိုက်၏။

မိန်းကလေး၏ ဆွေမျိုးများက "ဟုတ်ပါတယ်။ တွံတေးကိုဘဲ ခေါ်သွားတော့မယ်။ ဒီမှာ သူ့တယောက်ထဲထားဘို့ စိတ်မချ ဘူး"

မိန်းကလေးမှာ တွံတေးသို့လိုက်ရန် ပြင်ဆင်တော့၏။

ကျွန်တော်သည်လည်း ရန်ကုန်တွင် မနေချင်တော့ပေ။ ကျောင်းဆရာ လခကလေးကလည်း ဂျပန်ငွေ ခုဝ မျှသာရ၏။ အ ထိတ်ထိတ် အလန့်လန့်နေရသည်။ သာယာကြည်နူးမှုတခုမျှမရှိ။ ထို့ကြောင့် ကျွန်တော် ဇာတိရပ်ထံသို့ ပြန်တော့မည်ဟု ဆုံးဖြတ်

ကာမိန်းကလေးကိုရော၊ သူ့ဆွေမျိုးများကိုပါ ဤအတိုင်းပြောပြကာ ၄၆ လမ်းရှိ ကြီးဒေါ်၏ အိမ်သို့ ပြန်ခဲ့သည်။

× × × ×

နောက်နေ့နံနက်တွင် ကျွန်တော့်ဇာတိ ရပ်ရွာသို့ ပြန်ရန်ကျွန်တော် ပြင်ဆင်ထား၏။ မိန်းကလေးနှင့်လည်း ဝေးရတော့မည်။ ရန်ကုန်မြို့ကိုလည်း ကျောခိုင်းရတော့မည်။စစ်ကာလ တလျှောက်လုံးတွင်တောရွာများ၌ ဖြစ်သလိုနေထိုင်ရတော့မည် ဖြစ်၏။

ညအတော် ညဉ့်နက်သော အခါတွင် သူငယ်တယောက် ကျွန်တော့်ထံသို့ ရောက်လာကာ မိန်းကလေးအိမ်မှ အခေါ်ခိုင်းကြောင်းပြောပြ၏။

ကျွန်တော်သည် မိန်းကလေးကိုရင်း၊ မိန်းကလေး၏ ဆွေမျိုးများကိုရင်း နောက်ဆုံး နှုတ်ဆက်ခြင်းဖြင့် နှုတ်ဆက်ရန်လာခဲ့သည်။

မိန်းကလေး၏ အိမ်သို့ရောက်သောအခါ ဆွေမျိုးများကဖော်ရွေစွာ ခေါ်ငင်ကြပြီးနောက် အကြောင်းထူးတခုကို ပြောပြ၏။ သူတို့၏စကားကို ကြားရသော အခါတွင် ကျွန်တော့်မှာ ကိုယ့်နားကိုပင်လျှင် ကိုယ်မယုံကြည်နိုင်လောက်အောင် ဖြစ်သွားသည်။ ဝမ်းမြောက်ရွှင်လန်းခြင်းလည်း ဖြစ်မိသည်။ ခြောက်သွေ့၍နေသော ကျွန်တော်၏ ဘဝ သဲကန္တာရတွင် စိမ့်မြေကွက်ဖြစ်သော အိုအေစစ်ကလေး ပေါ်ထွန်းလာပြီတကား။

ဆွေမျိုးများက ဆက်၍ ပြော၏။ "မောင်ရင်ဘဲ မိန်းကလေး ကိုသမီးလို၊ တပည့်လို၊ ခင်ပွန်းလိုသဘောထားပြီး တသက်လုံး စောင့်ရှောက်လိုက်ပါတော့နော်....။ ကျုပ်တို့တော့ နက်ဖြန်မနက် ဘဲ တဲ့တေးကို ပြန်ကြတော့မယ်...."

ကျွန်တော်ကား ကိုယ့်ဇာတိရပ်ရွာန်ကိုမပြန်ဖြစ်တော့။ ဆွေ့ သည်များသာ ပြန်ကြပေတော့မည်။

နပ္ပူးစာရေစက်ဟူသည် ဤသည်ကိုပင် ခေါ်လေသလော မ ပြောတတ်။ ကြုံကြုံဖန်ဖန်တွေ့ရသည်။ အကြောင်းဆက်၍ ပေါင်း ဖက်ရန် မြှော်လင့်ချက် ကုန်ဆုံးပြီးသည်၏ နောက်တွင်မှ ပေါင်း သင်းရန် ကံဖန်လာပြန်တော့သည်။

သို့သော်....နောက်နောင် စခန်းသွားရမည့် အရေးတို့ကို တွေး တောကာ ထိုညတညလုံးလုံးပင် ကျွန်တော် ကောင်းကောင်း အိပ်၍မပျော်တော့ပေ။

× × × ×

ကျွန်တော့်မှာ အိမ်ထောင်နှင့် ဖြစ်ချေပြီ။ တကိုယ်ယေတကာ ယ နေစဉ်ကကဲ့သို့ ပေါ့ပေါ့ဆဆ နေ၍ မဖြစ်တော့။ ကျောင်းဆရာ လခကလေး ၃၀/-မှာလည်း တလစာ ဆန်ဖိုးပင်လျှင်မရှိ။ ထို့ ကြောင့် အိမ်ထောင့်ဝန်ကို ထမ်းရန်အတွက် တစုံတခုလုပ်ကိုင်ကာ ငွေကြေး ရှာဖွေရတော့မည်။

ကျွန်တော်တို့သည် ကရိုလမ်းတွင် နေကြ၏။ ကျွန်တော်တို့ အိမ်အနီးရှိ မက်သဒစ်ကျောင်းတွင် ဂျပန်စစ်တပ်ချဆောင်းသည်။

အိမ်နှင့် မဝေးကွာလှသော ဘိဂန်ဒတ်လမ်းတွင် လက်နက် သို လှောင်ရာ အဆောက်အဦကြီးရှိသည်။ ထို့ကြောင့် အင်္ဂလိပ်လေ ယာဉ်ပျံများသည် ကျွန်တော်တို့ အိမ်တဝိုက်တွင် မကြာခဏဗုံးကြဲ ချ၏။

ဗုံးကြဲလေယာဉ်ပျံတွေလာလျှင် ပြေးရလွှားရ ပုန်းရှောင်ရ သည်။ ဗုံးချသံများကြားလျှင် သေလုမြောပါးထိတ်လန့်ကြောက် ရွံ့ရသည်။ ဗုံးဘေးမှ လွတ်ကင်းစေရန်အတွက် ပရိတ်ရွတ်ရသည်၊ မေတ္တာပို့ရသည်။

ယင်းသို့ ဗုံးဘေး လွတ်ရာ လွတ်ကြောင်း လုပ်ဆောင်ရသည် များကို ကျွန်တော် စာကလေး တပုဒ်ရေး၏။ စာခေါင်းစဉ်မှာ "ဗုံးပြီးဆေး" ဟု အမည်တပ်သည်။

ထိုစာကလေးကို မဂ္ဂဇင်း၊ ဂျာနယ်များတွင် ထည့်သွင်းလို သော်လည်း ဘာမဂ္ဂဇင်း၊ ဘယ်ဂျာနယ်မှ မထုတ်ကြလေသော ကြောင့် ကျွန်တော့် "ဗုံးပြီးဆေး" စာမူကို စာအုပ်ကလေးဖြစ် အောင် ရိုက်နှိပ်ရ၏။ တအုပ်ကို ဂျပန်ပိုက်ဆံ ဆယ်ပြားဖြင့် ရောင်းရန်ဖြစ်သည်။

ထိုစဉ်က ရန်ကုန်မြို့ထဲတွင် မနေဝံ့ကြသဖြင့် ဆင်ခြေဖုံး ရပ် ကွက်များသို့ ပြောင်းရွှေ့သွားကြသော မြို့သူမြို့သားများသည် သင်္ကန်းကျွန်း၊ ကျိုက်ကဆံဘုရားအနီးတွင် အစုအဝေး ကြီးမား စွာဖြင့် နေထိုင်ကြလျက် ကျိုက်ကဆံစေတီတော် ပရိဝုဏ်အတွင်း တွင် ဈေးတန်းကြီး ဖွင့်လှစ်ရောင်းချနေကြလေသည်။



ကျွန်တော်သည် ကရိလမ်းမှ ကျိုက်ကဆံဘုရားအထိ ခြေလျင် လျှောက်ကာ 'ဗုံးပြီးဆေး' စာအုပ်များ သွားရောက် ရောင်းချရ၏။ အပြန်တွင်လည်း ကုန်းကြောင်း ဖြစ်သည်။

ဤသို့ သွားရောက် ရောင်းချရသည်မှာ ၁ ရက်မဟုတ်၊ ၂ ရက်လည်းမဟုတ်၊ နေ့စဉ်ပင် ဖြစ်သည်။ ဤမျှဝေးလံသည့် ခရီးကို နေ့စဉ်အသွားအပြန် လျှောက်ရသည့်အတွက် ညောင်းညာ ပင်ပန်းလှပါ၏။ မောပန်း နွမ်းနယ်လှပါ၏။ သို့သော် ကျွန်တော်သည် အိမ်ထောင်ရှင် ဖြစ်ရာ အိမ်ထောင့်ဝန်ကို ထမ်းဆောင်ရမည် မဟုတ်ပါလော။

ယင်းသို့ ကျွန်တော် အပင်တပန်း လုပ်ကိုင်ရှာဖွေ ကျွေးမွေးသော်ငြားလည်း ကျွန်တော့်ဇနီးကား ကျွန်တော့်ကို ကြင်နာသနားသည့်အမူအရာလည်းမပြ။ ခင်မင်ရင်းနှီးသည့် အရိပ်အရောင်လည်းမပြ။ ကျောက်ရုပ်ပမာ မတုန်မလှုပ်သာ နေလေတော့သည်။

အကြောင်းရှိပါ၏။ ကျွန်တော်သည် သူ့ကို တဖက်သတ်ချစ်ခင်စုံမက်ကာ မရအရယူခဲ့သည် မဟုတ်ပါလား။ သူသည်ကျွန်တော့်ကို မစုံမက်ချေ။ သူမစုံမက်ခြင်းအတွက်လည်း သူ့အားအပြစ်မဆိုသာပါပေ။ ကျွန်တော်တို့ဇနီးမောင်နှံ ညားစက ကျွန်တော်၏အသက်မှာ သူ့အသက်၏ ၂ ဆမျှကြီးပေရာ၊ သူ့ဖက်ကနေ၍ကြည့်လျှင် ကျွန်တော့်အား ချစ်ခင် စုံမက်မည် မဟုတ်ပေ။ မချစ်ခင် မစုံမက်ပါလျက် ဆွေမျိုးများ၏ စကားကို မပယ်ရှားလို

သဖြင့် ကျွန်တော့်ကို ယူရခြင်းဖြစ်ရာ အဘာယ်မှာလျှင် သူ့ခများ နှစ်သိမ့် ကျေနပ်ရှာလေမည်နည်း။

ဂျပန်နှင့် အင်္ဂလိပ်တို့ စစ်စတင် ဖြစ်ပွါးပြီးသည့်နောက် တနှစ် အကြာတွင်ကား အင်္ဂလိပ်တို့က နှစ်ပတ်လည် လက်ဆောင်ပေး သည်ဟုဆိုကာ ရန်ကုန်မြို့အတွင်းတွင် ဗုံးမိုး၊ စက်သေနတ်မိုး အပြင်းအထန် ရွာချလေတော့သည်။

ရန်ကုန်မြို့မှ လူအားလုံး လိုပင် မြို့စွန်မြို့ဖျား ဆင်ခြေဖုံး အရပ်များသို့ ပြောင်းရွှေ့ကြပြီးဖြစ်ရာ ကျွန်တော်တို့မှာလည်း မြို့ထဲတွင် မနေဝံ့တော့သဖြင့် ဗဟန်းသို့ ပြောင်းရွှေ့ခဲ့ရ၏။

မြို့ထဲမှာနေ၍ မဖြစ်သဖြင့် ဗဟန်းသို့ ပြောင်းရွှေ့ခဲ့ရသော် လည်း ဗဟန်းတွင် နေရန် အိမ်အဆောက်အဦးမရှိပေ။ထို့ကြောင့် နေရန်အိမ်ရှာဖွေယင်းပင် လမ်းဘေး သစ်ပင်အောက်တွင် နေကာ သစ်ပင်အောက်တွင်ပင် အိပ်ရလေတော့သည်။

ထို့နောက်မှ ဗဟန်းကြားတောရလမ်း ဦးဝိသုဒ္ဓ၏ကျောင်း အောက်ထပ်တွင်နေစရာ ရလေရာ ကျွန်တော်တို့ ပြောင်းရွှေ့နေ ထိုင်ရလေသည်။

ဗဟန်းကြားတောရလမ်း တလျှောက်မှာ ဈေးတန်းကြီး ဖြစ် ကာစည်ကားလှ၏။ ကျွန်တော်သည်လည်း ဆိုင်တဲတလုံးဝယ်ကာ တစုံတရာရောင်းချရန် စီစဉ်ရတော့သည်။

အရောင်းအဝယ်လုပ်ရန်အတွက် ငွေကြေး အရင်းအနှီးလို၏။ သို့သော် ကျွန်တော့်မှာ မနက်စာမနက်၊ ညစာည အပြေးအလွှား

ရှာဖွေ စားသောက် နေရသူဖြစ်ရာ အရင်းအနှီး ငွေကြေး မရှိချေ။

ထို့ကြောင့် အရင်းအနှီး နည်းသည့် အလုပ်ကို လုပ်ရတော့သည်။ ထိုအလုပ်ကား ရှာရပတ်ရည် ရောင်းသော အလုပ်ဖြစ်၏။ သကြား၊ ရေခဲနှင့် ရေရှိလျှင် ရှာရပတ်ရည် ဖြစ်နိုင်လေရာ၊ ကျွန်တော့်တသက်တွင် တခါမျှမလုပ်ခဲ့ဘူးသော ရှာရပတ်ရည်သည် လုပ်ရလေတော့သည်။

အသင့်အတင့်ကား ရောင်းရပါ၏။ သို့သော် စားသောက် သုံးစွဲလောက်အောင် ကား မရပေ။ ထူးခြားသည်မှာကား လူတွေ အသောက်နည်းသော်လည်း ပျားတွေကား အုပ်လိုက်ချီကာလာ၍- လာ၍ သောက်ကြလေရာ နောက်ဆုံးတွင်ကား ပျားများသည် အသွားအလာ လွယ်ကူစေရန်အတွက် ဖြစ်ဟန်တူ၏။ ကျွန်တော့် ရှာရပတ်ရည်ဆိုင် တဲငယ် အတွင်းတွင်ပင် ပျားအုံကြီး ဖွဲ့လုပ်နေထိုင်ကြလေတော့သတည်း။

ရှာရပတ်ရည်ဆိုင်မှာ နေရေးစားရေး ဖူလုံအောင် မရနိုင်သည့် အတွက် တမျိုးကြံရပြန်၏။

ကျွန်တော့်တွင် နှစ်ပေါင်းများစွာက စုဆောင်းရှာဖွေ သိမ်းဆည်းထားခဲ့သော စာအုပ်ပေါင်း မြောက်မြားစွာရှိသည်။ ဝမ်းရေးအတွက် ခဲခက်နေပြီဖြစ်သောကြောင့် ထိုစာအုပ်များကိုပင် ဆိုင်တွင်တင်ကာ ရောင်းချရလေတော့၏။

ဂျပန်ခေတ်တွင် စာအုပ်စာတမ်းရိုက်နှိပ်ရောင်းချခြင်း မရှိသ

လောက် ဖြစ်လေရကား စာအုပ် အဟောင်းများကိုပင်လျှင် အလု အယက်ဝယ်ခြမ်းကြသည်။ ဈေးနှုန်းလည်းရ၏။ ငွေကြေးလည်း ဖောဖောသီသီဝင်လေတော့သည်။

ဆိုင်တွင် စာအုပ်များလျော့ပါးသွားသောအခါ အခြားစာ အုပ်များကိုရှာရ၏။ ပိဋကတ်၊ စာကြည့်တိုက်၊ လိုက်ဗရေရီများမှ ဖောက်ထွင်းယူဆောင်လာကြသူများသည် စာအုပ်၏ တန်ဖိုးကို မသိသူက ပို၍များရကား ပုံတိုက်ရောင်းချကြသည်။ ချိန်တွယ် ကာတပိဿာလျှင် ငါးမူးသုံးမတ်ဖြင့် ရောင်းချကြသည်။

ထိုသူများ၏ထံမှ ကောင်းနိုးရာရာ စာအုပ်များကို ရွေးချယ် ဝယ်ခြမ်းကာ တန်ရာတန်ဖိုးဖြင့် ရောင်းချသောအခါ အမြတ် အစွန်းအဆပေါင်းများစွာ မြတ်စွန်းလေတော့သတည်း။

ဗဟန်းကြားတောရလမ်းရှိကျွန်တော်၏စာအုပ်ဆိုင်မှာ လက် မလည်နိုင်အောင် ရောင်းချရလေတော့သည်။ ဝယ်သူသာလျှင် များသည်မဟုတ်၊ လာရောက် ရောင်းချသူများလည်း များ၏။ ငွေကြေးလိုသော စာပေသမားတို့သည် စုဆောင်းထားသည် စာ အုပ်ဟောင်းများကို လာရောက် ရောင်းချကြသည်။ ထိုစာအုပ် ကောင်းများကို ဆိုင်တွင်တင်ကာ ရောင်းခြင်းဖြင့် အမြတ်အစွန်း များစွာရ၏။

စာအုပ် အရောင်းအဝယ်ပြုရာတွင် စိတ်ဝင်စားဘွယ်–ရယ် ဘွယ်များလည်း တွေ့ရသည်။

တနေ့တွင် သူငယ်တယောက်သည် အဖိုးထိုက် အဖိုးတန် အင်



လိပ်စာအုပ်များကို ကျွန်တော့်ဆိုင်သို့ယူလာကာ ကျွန်တော့်အား ရောင်း၏။ ထိုစာအုပ်များတွင် ပိုင်ရှင်၏ အမည်ရေးထားသည်ကို တွေ့ရသောအခါ ကျွန်တော် အံ့ဩမိတော့သည်။ ထိုစာအုပ်များ၏ပိုင်ရှင်ကား ထင်ရှားသော စာပေသမားကြီးဖြစ်၏။ ကျွန်တော်သည် ထိုစာအုပ်များကို မဝယ်လိုက်လျှင် သူငယ်သည် အခြားတနေရာတွင် ရောင်းချလိမ့်မည်။ထိုအခါတွင် ထိုစာအုပ်များပျောက်ပျက်သွားတော့မည်ဖြစ်၏။

ကျွန်တော်သည် စာအုပ်များကို ဝယ်ယူလိုက်ကာ မည်သူ့ကိုမျှမရောင်းဘဲ တရိုတသေသိမ်းထား၏။ ထိုစာအုပ်များ၏ ပိုင်ရှင် စာပေသမားကြီးကား ကျွန်တော့်၏ ထံမှ စာအုပ် ဝယ်နေကျဖောက်သယ်ပင်ဖြစ်ရာ တနေ့တွင် ကျွန်တော့်ဆိုင်သို့ ပေါက်လာတော့သည်။

ကျွန်တော်က သူ၏ အဖိုးတန် စာအုပ်များကို ထုတ်ပြလိုက်၏။ သူ့စာအုပ်များကို ပြန်လည်တွေ့ရသည့်အတွက် အတိုင်းမသိဝမ်းသာသည့် အမူအရာ ပေါ်နေ၏။ သူ့စာအုပ်များ ဘယ်ကရသည်။ ဘယ်သူကရောင်းသည် စသည်များကို မေးမြန်းစုံစမ်းခြင်းမပြုဘဲ ကျွန်တော်ဆိုသည့် အဖိုးကို ပေးချေကာ သူ့စာအုပ်များကို ယူငင်ထွက်သွားလေတော့သတည်း။

ကျွန်တော့်ထံမှ စာအုပ်ဝယ်သည့် ဖောက်သည်များတွင် သခင်ကျော်ငြိမ်းသည်လည်း ပါဝင်၏။ သခင်ကျော်ငြိမ်း ကြိုက်မည်ထင်သည့် စာအုပ်များကို ကျွန်တော် စုဆောင်းသိမ်းထားကာ

သူရောက်လာလျှင် ပြသရောင်းချလေတော့သည်။ တခါတရံတွင် သခင်နုလည်း ရောက်လာတတ်လေသည်။

ဗဟန်း ကြာ့းတောရလမ်းတွင်သာမက ဗဟန်း အုတ်လမ်း၊ ကန်တော်ကြီးစောင်း၊ သိမ်ကြီးဈေး၊ ကြည့်မြင်တိုင် ကမ်းနား လမ်း စသည်များတွင်လည်း ကျွန်တော်၏ စာအုပ်ဆိုင်များ ဖွင့်လှစ်ကာ ရောင်းသူများကို ကော်မရှင်ပေး-ရောင်းချစေ၏။ ထို့ကြောင့် ကျွန်တော့်မှာ ငွေဝင်လမ်း ကောင်းမွန် ဖွံ့ဖြိုးလှပေသည်။

သို့သော် ကျွန်တော်၏ဇနီးကား အသုံးအစွဲကြီး၏။ သူလိုချင်သောပစ္စည်းဖြစ်လျှင် ဘယ်လောက်ပဲ ဈေးကြီးကြီး ဝယ်၏။ သူ လိုချင်သော ပစ္စည်းများမှာလည်း များပြားလှစွာ၏။ ကျွန်တော့်ကို မချစ်ပဲနှင့် ယူရရှာသော ဇနီးအတွက် ကျွန်တော်ကလည်း အလို လိုက်ကာ သူဝယ်ချင်ရာ ဝယ်သည်ကို မတားမြစ်ပေ။

ယင်းသို့ပင် အလိုလိုက်သော်လည်း ကျွန်တော်သည် မျက်နှာ ကောင်းမရပေ။ ဇနီး၏ ဆူပူကြိမ်းမောင်းခြင်းကို အမြဲလိုလိုခံရ၏။ အပြစ်ကလေးတခုရှိလျှင် ရစရာမရှိအောင်ဆူ၏။ ယင်းသို့ ဆူပူခြင်းကား အကြောင်းရှိပေသည်။ ကျွန်တော်သည်သူ့ကိုအ တင်းကြိုက်ကာ၊ မရအရယူခဲ့၏။ ယင်းသည်ကို အခဲမကြေဖြစ်ကာ ကျွန်တော့်အား ကလဲ့စားချေခြင်း ဖြစ်ပေသည်။

ဂျပန်တော်လှန်ရေး လုပ်ပြီးနောက် စစ်ကြီး ပြီးသွားချိန်တွင် ကျွန်တော်တို့နေသည့် ဗဟန်းမှာ ဈေးရပ်ကွက် မဟုတ်တော့ဘဲ

ကော၍ သွားပြီဖြစ်သည့်အတွက် ကျွန်တော့်မှာ လုပ်ငန်းတမျိုး ထွင်ရတော့သည်။

စာပုံနှိပ်လုပ်ငန်း ဖွင့်ကာ ကိုယ်တိုင်ရေးသည့် စာအုပ်များကို ရိုက်နှိပ်ရောင်းချခြင်းဖြင့် တလလျှင်ဝင်ငွေ ထောင်ချီ၍ ရခဲ့ပေသည်။

သို့သော် ကျွန်တော့် ဇနီးမှာ သုံးစွဲမြဲ သုံးစွဲနေ၏။ အရနှင့် အကုန်မမျှလောက်အောင် ဖြစ်လာသည်။

ယင်းသို့ ကျွန်တော့်ဇနီး အသုံးအစွဲကြမ်းခြင်းမှာ အကြောင်း နှစ်မျိုးကြောင့် ဖြစ်သည်ဟု ကျွန်တော်ထင်၏။ အကြောင်းတမျိုး မှာ ကျွန်တော့်ကို မစုံမက်ဘဲ ယူရသည့်အတွက် ကလဲ့စားချေခြင်း ဖြစ်လျက်၊ အခြားအကြောင်းတမျိုးမှာကား ကလေးအရွယ်ငယ် စဉ်အခါကလိုချင် - ဝယ်ချင်လျက် မရခဲ့ - မဝယ်ခဲ့ရသည့် အစွဲရှိ သောကြောင့် ယခုလို ဝယ်ခြမ်းနိုင်သည့်အခါတွင် စည်းမဲ့ကမ်းမဲ့ ဝယ်ခြမ်းခြင်း ဖြစ်ပေလိမ့်မည်။

ထို့နောက် ကျွန်တော့်အတွက် တခေတ်ပြောင်းခဲ့ပြန်သည်။ သမီးဦးကလေးကို ၁၉၄၇ ခုနှစ်တွင် ဖွားမြင်ပြီး နောက် ၁၉၄၉ ခု နှစ်တွင် ဒုတိယသမီးကလေး ဖွားမြင်ပြန်သည်။ အသက် ၄၀ ကျော်မှ ကံပေါ်သော သမီးတွေဖြစ်ရကား အသက်မက ချစ်ခင် တွယ်တာခဲ့၏။

လုပ်ငန်း ကိုင်ငန်းများကား အဆင်မပြေဖြစ်ကာ စာရေးခြင်း ဖြင့် အသက်မွေးရသည့် ဒုံရင်းဘဝသို့ ပြန်ရောက်သွား၏။ စာရေး

ခြင်းသက်သက်ဖြင့် ငွေကြေး လုံလောက်အောင် မရနိုင်သည့်အတွက် မဂ္ဂဇင်းတိုက်တွင် လခစား ဝင်၍ လုပ်ရလေတော့သည်။

အသက်ကားတဖြည်းဖြည်း ကြီး၍လာခဲ့၏။ ကလေးများလည်း တယောက်ပြီးတယောက်တိုးလာကာ ၅ ယောက်အထိ ဖြစ်ခဲ့လေသည်။ အထွေးဆုံးသောသားကလေး မွေးဖွားချိန်တွင် ကျွန်တော်၏ အသက်မှာ ၅၀ ကျော်ခဲ့ပေပြီ။ ကလေးများ အရွယ်ရောက် လူလားမြောက်အောင် ပညာသင်ကြားပေးရမည့် တာဝန်ကားကြီးမားလှပါဘိတောင်း။

အိမ်ထောင်သက်ကား အနှစ်နှစ်ဆယ် နီးပါးပင် ကြာခဲ့ပြီ ဖြစ်သော်လည်း ညားစကကဲ့သို့ပင် ကျွန်တော့်ဇနီးသည် ကျွန်တော့်အပေါ်တွင် အာဃာတ ထားမြဲ ထားလျက်ရှိသည်။ ဆူပူကြိမ်းမောင်းခြင်း ပြုမြဲပြုလျက်ရှိသည်။အသုံးအစွဲ ကြမ်းမြဲ ကြမ်းလျက်ရှိသည်။ အသက် ၅၀ ကျော်ပြီဖြစ်သည့် အတွက် ဤသောက-ဤဒုက္ခ-ဤတာဝန်တို့အတွက် မခံမရပ်နိုင်အောင် ဝန်လေးလာတော့သည်။ သို့သော် ကျွန်တော်ရှောင်လွှဲ၍ မရနိုင်ပေ။ အမှန်အတိုင်းပြောင့်ဆိုဝန်ခံရလျှင် ကျွန်တော်၏ ဇနီးမှာ ကျွန်တော်၏ တပည့်ဖြစ်၏။ အခြားမိန်းကလေးတယောက်သာ ဤသို့ပြုပါက ကျွန်တော်စွန့်ပစ်လိုက်မည် ဖြစ်သော်လည်း ကျွန်တော်၏ တပည့်ကို ကျွန်တော် မစွန့်ပစ်ရက်နိုင်ပေ။

ထို့ပြင် ကျွန်တော့်မှာ အပြစ်ရှိသည် မဟုတ်ပါလား။သူကမစုံ

မက်ပါဘဲလျက် ကျွန်တော်က အတင်းစုံမက်၍ မရမကယူခြင်း ဖြစ်ရာ ကျွန်တော်၏ အပြစ်ကို ကျွန်တော်ခံရချေမည်။

"တဦးမေတ္တာ တဦးမှာ"ဟူသော စကားရှိ၏။ ကျွန်တော်သည် ဇနီးဖြစ်သူအား အနှစ် ၂၀ ခန့်တိုင်အောင် မေတ္တာစေတနာထားကာ လုပ်ကျွေးသမှု ပြုခဲ့ပါလျက် ကျွန်တော့်အားမေတ္တာတုံ့ပြန်ခြင်းမပြုနိုင်သော ကျွန်တော့်ဇနီး၏ အသည်းနှလုံးတို့မှာ အသွေးအသားမဟုတ်ဘဲ သံမဏိပင် ဖြစ်လေရော့သလားဟု ကျွန်တော် ထင်မိတော့သည်။

၁၉၅၇ ခုနှစ် မတ်လတွင် ကျွန်တော်သည် နာဂတောင်ပေါ်သို့ သွားရန်ကိစ္စပေါ်လာ၏။ ၆ လခန့်ကြာမည်ဟု ရည်ရွယ်မှန်းထား၏။ နာဂနယ်သို့ သွားခါနီးတွင် ကျွန်တော်၏ ဇနီးအား စိတ်တွင်ရှိသမျှ အန်ထုတ်ပြောပြခဲ့ရလေတော့သည်။

"အပုရာ....မင်းနဲ့ ဆရာနဲ့ညားတာ အနှစ် ၂၀ နီးပါးရှိခဲ့ပြီ။ ဆရာ့မေတ္တာစေတနာကိုတော့ အထူးဖော်ပြဘို့ မလိုပါဘူး။ မင်းသိပြီး ဖြစ်ပါလိမ့်မယ်။ သို့ပေမဲ့ မင်းကတော့ဖြင့် ဆရာ့ကို ခုထက်ထိအငြိုးမပြေသေးဘူးလားကွာ...."

"အငြိုးမပြေလို့ အပုက ဆရာ့ကို ဘာလုပ်လို့လဲ"ဟု ကျွန်တော့်ဇနီးကပြန်၍ မေး၏။

"အပုဟာ ဆရာ့အပေါ်မှာ သည်းခံခြင်းတရား နဲနဲကလေးမှမရှိဘူး။ တဆိတ်ရှိ အော်လိုက်-ငေါက်လိုက်-ကြိမ်းဝါးလိုက်နဲ့...."

"ဒါကတော့ အပုက တရုပ်သွေးပါတယ် မဟုတ်လား၊ ဒီတော့

စိတ်တိုတာပေါ့။ နောက်ပိုးတော့ အပုငယ်ငယ်တုန်းက လှေကားပေါ်က လိမ့်ကျလို့ ခေါင်းမှာ ဒဏ်ရာရခဲ့ဘူးတယ်။ ဦးနှောက်ကိုလဲ ထိခိုက်သွားတယ်။ ဒါကြောင့် စိတ်တိုတာပါ”

“စိတ်တိုတာကို ထားပါတော့ကွယ်၊ ငွေရေးကြေးရေး သုံးစွဲမှုကို ဆင်ခြင်ဘို့ ကောင်းလှဘီ။ ဆရာလဲ အသက်ကြီးလှဘီ။ ၆၀ နားတောင် နီးနေဘီ မဟုတ်လား။ သားသမီးကလဲ ၅ ယောက်ရှိတယ်။ ကလေးတွေလူလားမြောက်အောင် ပညာသင်ပေးဘို့ အရေးက မသေးငယ်လှဘူး။ ဆရာသာ ပျိုပျိုသန်သန် ငယ်ငယ်ရွယ်ရွယ်ဆိုယင်တော့ အရေးမကြီးပါဘူး။ အခုတော့ ဆရာကအိုလှဘီ။ ကောင်းကောင်း မရှာနိုင်တော့ဘူး....”

ကျွန်တော်က ဤသို့ ဆုံးမစကားပြောပြီးနောက် နာဂနယ်သို့ ထွက်ခွါသွားခဲ့သည်။နာဂနယ်တွင်ခရီးလှည့်လည်ယင်း ကျွန်တော်၏ဝါသနာအတိုင်း တလ-တလလျှင် ဝတ္ထု၊ ဆောင်းပါး ၁၀ ပုဒ်ခန့် ရေး၍ဇနီးထံ ပို့၏။ ဘယ်ဝတ္ထုကို ဘယ်တိုက်သို့ ပေး၍ ငွေဘယ်မျှတောင်း၊ ဘယ်ဆောင်းပါးကို မည်သူ့အားပေး၍ ငွေမည်မျှတောင်း စသည်ဖြင့်လည်း အမှာစာရေးသားပေးပို့သည်။

နာဂနယ်တွင် ကျွန်တော် ၃ လမျှနေပြီးနောက် အိမ်သို့ ပြန်ရောက်လာသောအခါ ကျွန်တော့်ဇနီးသည် ကျွန်တော့်အား မျက်ရည်ကလေး စမ်းစမ်းဖြင့် ဆီးကြိုလေသည်။ ကျွန်တော်ထိတ်လန့်တုန်လှုပ်သွား၏။ တစုံတခု ဖြစ်နှင့် လေပြီလောဟု တွေးကာ ရင်ထဲမှာ တင်းကျပ်၍ သွားလေသည်။



"ကလေးတွေ အားလုံး ကျန်းမာကြရဲ့ မဟုတ်လား"

"မာကြပါတယ်။ ဆရာမရှိတဲ့အခိုက်မှာ ဆရာရှိတုန်းကထက် ပိုပြီး ကလေးတွေကို ဂရုစိုက်ပါတယ်"

ကျွန်တော့်ဇနီး၏ အသံမှာ ပျော့ပျောင်းသာယာလှသည်။ ကျွန်တော့် မျက်နှာထားကလေးမှာလည်း ကြည်အေး သိမ်မွေ့လှသည်။ အနှစ် ၂၀ ခန့် ပေါင်းသင်းလာခဲ့သော်ငြားလည်း ဤမျက်နှာထားမျိုး ဤအသံမျိုး မည်သည့်အခါမျှ မတွေ့မကြုံခဲ့ရဘူးပေ။ ကျွန်တော့်ဇနီး၏ အမူအရာ ထူးခြားလှသဖြင့် ကျွန်တော့်မှာ အံ့ဩ၍မဆုံးနိုင်အောင် ဖြစ်တော့သည်။

"မျက်ရေတွေ ကျနေတာက ဘာ့ကြောင့်လဲ အပုရယ်...." ဟု ကျွန်တော်က ကရုဏာသံဖြင့် မေးလိုက်၏။

"ဆရာ နာဂနယ်က ပြန်မှလာနိုင်ပါတော့မလားလို့ တွေးပြီး အပုပူနေမိတယ်။ ဟုမ္မလင်းမှာ ဆရာမမာနေတယ်လို့ စာရတော့ အပုဖြင့် ငိုလိုက်ရတာလေ မပြောပါနဲ့တော့.... အခုလို ဆရာပြန်ရောက်လာတော့ ဝမ်းသာ ဝမ်းနည်းဖြစ်ပြီး အပု မျက်ရည် ကျမိတာပါ...."

အိမ်ထောင်သက် အနှစ် ၂၀ ခန့်အတွက် တခါမျှ မကြားခဲ့ဘူးသောစကား၊ တခါမျှ မတွေ့ခဲ့ရဘူးသော ကရုဏာသက်မှု၊ တခါမျှ မကြုံခဲ့ရဘူးသောမေတ္တာစေတနာတွေကို ကြားရ၊ မြင်ရ၊ ခံစားရသောကျွန်တော့်မှာ အတိုင်းမသိ ဝမ်းသာ သွားတော့သည်။ ကျွန်တော် ကံကောင်း၍ လာချေပြီတကား။

ထိုနောက်ကျွန်တော်၏ ချစ်ဇနီးကလေးသည် ငွေတွေကိုထုတ်၍ပေး၏။ စာရင်း အင်းများကိုလည်းပြ၏။ ကျွန်တော် နာဂနယ်မှရေး၍ ပေးလိုက်သော စာမူများအတွက် ရရှိထားသော ငွေများနှင့်ကျွန်တော့်အတွက် လခများပင် ဖြစ်၏။

ကျွန်တော် မျက်လုံးပြူးရပြန်ချေသည်။ ဂျပန်တခေတ်လုံး ရသမျှငွေတွေကို ဒိုင်ခံ၍ သုံးပစ်ခဲ့သော မယား၊ စစ်ပြီးစက ထောင်ချီ၍ ရသောငွေများကို ဗုန်းဗောလအော သုံးစွဲခဲ့သည့် မယားသည် ယခုမူကား တပြားမျှ မသုံးစွဲဘဲ စုဆောင်းသိုမှီးကာ ကျွန်တော့်အား အထုပ်ကြီးနှင့်တကွ အပ်ချေပြီတကား။

"အပုရယ်....မင်းလိမ်မာလှချည့်လား။မင်းဒီလောက် လိမ်မာလာလိမ့်မယ်လို့ ဆရာဘယ်တုန်းကမှ မထင်ခဲ့မိဘူး။ အခုလိုမထင်တာတွေတွေ့ရတော့ အံ့လဲအံ့သြတယ်၊ဝမ်းလဲသာတယ်၊တကယ်မှ ဟုတ်ပါလေရွလား၊ အိပ်မက်များလားလို့တောင် ထင်မိတယ်...."

"တကယ်ပါဆရာ....၊ တကယ်ပါ....။ အပုတကယ် လိမ်မာလာပါပြီ။လိမ်မာတဲ့ အကြောင်းကတော့ ဒီလိုလေ....၊ ဆရာနာဂနယ်ထွက်သွားတော့ ဆရာ့ကျန်းမာရေးအတွက် ပူမိတယ်။ မတော်တဆ ဆရာများတိမ်းပါးသွားယင် ခက်ရချည့်ရဲ့လို့လဲတွေးမိတယ်။ ဒီတော့မှ ဆရာ့ကျေးဇူးတွေကို တွေးမိတယ်။ အနှစ် ၂၀ နီးပါး အပင်တပန်းရှာဖွေကျွေးမွေးခဲ့တဲ့ ကျေးဇူးတွေဟာနဲ့သလားဆရာရယ်....။ မဆိုစကောင်း ဆရာများသေများသွားယင် အပုတို့သားအမိတတွေနေရေး စားရေး ဘယ်လို ဖြစ်ကုန်မလဲဆိုတာတွေးမိ

ပြီး ဟိုတုန်းက အပုသုံးမိ ဖြုန်းမိတာတွေကို နောင်တရမိတယ်။ ပြီးခဲ့တာတွေကိုတော့ ပြုပြင်လို့ မဖြစ်တော့ဘူး။ နောင်ကို ဒီလို အမှားမျိုး နောက်ထပ်မမှားရအောင် ဂရုစိုက်မယ်လို့ သန္နိဋ္ဌာန်ချပြီး ရသမျှငွေတွေကို တပြားတချပ်မှ မသုံးဘဲ စုဆောင်းထားတယ်။ ဆရာပြန်လာယင်ပြမယ်။ မဆိုကောင်း ဆိုကောင်း ဆရာပြန်မလာယင်လဲ ဒီငွေနဲ့ အရင်း အနှီးလုပ်ပြီး စားမယ်ဆိုတဲ့ အကြံနဲ့ပေါ့. အခုတော့ သားရွှေအိုးထမ်းလာတာ မြင်ရဘီ မဟုတ်လား....”

ကျွန်တော်ကား ဝမ်းသာလုံးဆို့ကာ ရုတ်တရက်စကားပြန်မပြောနိုင်တော့ပေ။ အနှစ် နှစ်ဆယ်ခန့်တိုင်တိုင် ကျွန်တော့်ချစ်ဇနီးကလေးအပေါ်တွင် ထားခဲ့သည့် စေတနာ မေတ္တာတို့သည် ယခုပြန်၍ အတုံ့အလှည့်ရပေပြီ။ ကျွန်တော် နေလျှင်လည်းနေပျော်ပြီ၊ သေလျှင်လည်း သေပျော်ပေပြီ။

ချစ်ခြင်းမေတ္တာဟူသည် မည်သည့်အခါတွင်မျှ အချည်း မဖြစ်ပဲ အကျိုးထူး ပေးမြဲပင် မဟုတ်ပါလား။

စာပေဗိမာန် ပုံနှိပ်တိုက် ၃၆၁၊ ပြည်လမ်းတွင် ရိုက်နှိပ်၍
စာတည်းမှူး ဦးမြတ်စိုးက တာဝန်ခံ ထုတ်ဝေသည်။